


MANDALAY And Other Cities
of the Past in Burma
V.C. SCOTT O'CONNOR



ဆရာမြသန်းတင့်

(၁၉၂၉ – ၁၉၉၈) ၏

ဘဝနှင့် စာပေမှတ်တမ်း

ဆရာမြသန်းတင့်

(၁၉၂၉-၁၉၉၈) ၏ ဘဝနှင့် စာပေမှတ်တမ်း

၁၉၂၉။ ။ဦးပေါတင့်၊ ဒေါ်လှိုင်တို့ မှ ပခုက္ကူခရိုင် မြိုင်မြို့တွင် ၁၉၂၉၊ မေ၊ ၂၃ ကြာသပတေးနေ့၌ မွေးဖွားခဲ့သည် ။ မွေးချင်း ခုနစ်ယောက်အနက် အကြီးဆုံး ဖြစ်သည် ။

၁၉၄၁။ ။ပဉ္စမတန်းတွင် ပညာသင်သည် ။

၁၉၄၂။ ။ဂျပန်ခေတ်တွင် ကျောင်းပြန်တက်သည် ။

၁၉၄၃။ ။အာရှလူငယ်များ အဖွဲ့၌ တက်တက်ကြွကြွ ပါဝင်သည် ။

၁၉၄၄။ ။ဂျပန်တော်လှန်ရေး မြေအောက် ကလပ်စည်းများ နှင့် ဆက်သွယ်၍ ဖက်ဆစ် တော်လှန်ရေးကြီးတွင် ပါဝင်သည် ။

၁၉၄၅။ ။ဂျပန်တော်လှန်ရေး ကာလအတွင်း စစ်ကိုင်းရှိ ဗိုလ်သန်းဦး (တော်လှန်ရေးတွင် ကျဆုံး)၊ သခင်မော်တင် (ပြည်တွင်းစစ်တွင် ကျဆုံး) နှင့် မြိုင်မြို့ ဘုန်းတော်ကြီး ဦးစရိယ (မြိုင်ဖဆပလ အမတ်ဟောင်း ဦးသက်ရှင်) တို့ ၏ ဦးဆောင်မှု အောက်တွင် ပါဝင် လှုပ်ရှားသည် ။

၁၉၄၅-၄၇။ ။ဒုတိယ ကမ္ဘာစစ်ကြီးအပြီး မြင်းခြံခရိုင်တွင် တာဝန်ကျသည် ။

မန္တလေးခရိုင် အထက်မြန်မာပြည် ဖဆပလ အဖွဲ့ချုပ်၊ မန္တလေးခရိုင် ကွန်မြူနစ် ပါတီတို့ တွင် အချိန်ပြည့် တာဝန် ထမ်းဆောင်သည် ။

မြင်းခြံခရိုင် ကွန်မြူနစ်ပါတီကို စတင် တည်ထောင်၍ ခရိုင်ကော်မတီဝင် အဖြစ် ဆောင်ရွက်သည် ။

ကျောက်ပန်းတောင်းတွင် အက်တူး-သခင်အုန်းဖေ (ပြည်တွင်းစစ်တွင် ကျဆုံး)နှင့်အတူ "လယ်သမားများ သီးစားခ မပေးရေး တိုက်ပွဲ၊ လက်ငုတ်လယ် ပြန်ထွန်ရေးတိုက်ပွဲ၊ မြေရှင်ကြီးများ ၏ လယ်များကို အတင်းဝင်ထွန်ရေး တိုက်ပွဲများကို ဦးဆောင်သည် ။

သီးစားခ မပေးရေး တိုက်ပွဲတွင် အင်္ဂလိပ်အစိုးရ သိမ်းယူထားသော လယ်သမားများ ၏ ပစ္စည်းများကို ပြန်လည် လုယူသည့်အတွက် ရုံးမင်းတစ်ထိုင်) ပြစ်ဒဏ်ကျခြင်း ခံရသည် ။

မြင်းခြံခရိုင်တွင် အခြားသော ခေါင်းဆောင်များ နှင့်အတူ သူ့ခေါင်းကို ဖြတ်နိုင်လျှင် ဆုငွေပေးမည်ဟု အင်္ဂလိပ် အလိုတော်ရိနှင့်

မြေရှင်များက တိတ်တဆိတ် ဆုငွေထုတ်သည်။

အထွေထွေ သပိတ်ကြီးတွင် မြင်းခြံ၊ မန္တလေး၊ ဒလသင်္ဘောကျင်း အလုပ်သမားထုကြီး ပါဝင်ရေးအတွက် တာဝန်ယူသည်။

မြင်းခြံခရိုင် အလုပ်သမား သမဂ္ဂနှင့် လယ်သမား သမဂ္ဂတို့ တွင် အလုပ် အမှုဆောင်အဖြစ် ဆောင်ရွက်ရင်း ဖြူးမြို့တွင် ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဖြူးလယ်သမား ကွန်ဂရက်ကြီးသို့ မြင်းခြံခရိုင် ကိုယ်စားလှယ်အဖြစ် တက်ရောက်သည်။

၁၉၄၇။ ။မကျန်းမာသဖြင့် တာဝန်မှ အနားယူကာ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသည်။ ပခုက္ကူခရိုင် ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

၁၉၄၈။ ။ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်သည်။

၁၉၄၉။ ။ပထမဦးဆုံးရေးသည့် "ဒုက္ခသည် " ဝတ္ထုတိုကို တာရာမဂ္ဂဇင်း (တွဲ၃၊ မှတ်၂၁၊ ၁၉၄၉)တွင် ပုံနှိပ်ဖော်ပြသည်။

၁၉၅၀။ ။"စာပေသည် ပြည်သူ့အတွက်"ဟူသော ကြွေးကြော်သံဖြင့် "စာပေသစ်မဂ္ဂဇင်း" ကို ကိုသန်းတင်၊ ဒဂုန်တာရာ၊ မောင်ကြည်လင်၊ အောင်လင်းတို့ နှင့်အတူ ဦးဆောင် ထုတ်ဝေသည်။

၁၉၅၁။ ။ပထမဦးဆုံး ဘာသာပြန် လက်ရာအဖြစ် ဂေါ်ကီ၏ "မာလ်ဗာနှင့် အခြားဝတ္ထုတိုများ "ကို ရေးသား ထုတ်ဝေသည်။

၁၉၅၂။ ။ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်း အလုပ်အမှုဆောင် အဖြစ် ဆောင်ရွက်သည်။

စာရေးဆရာ အသင်းမှ ထုတ်ဝေသော "စာပေမဂ္ဂဇင်း"တွင် တာဝန်ခံ အယ်ဒီတာ အဖြစ် လည်းကောင်း၊ "ပြည်တော်သစ်ဂျာနယ်" တွင် အ

ယ်ဒီတာချုပ် အဖြစ် လည်းကောင်း၊ "တိုးတက်ရေး သတင်းစာ"တွင် နိုင်ငံခြားရေး အယ်ဒီတာ အဖြစ် လည်းကောင်း ဆောင်ရွက်သည် ။ ဒုတိယမြောက် ဘာသာပြန်အဖြစ် ဂေါ်ကီ၏ အတ္ထုပ္ပတ္တိ "မက္ကဇင်ဂေါ်ကီ "ကို ဗန်းမော် စာအုပ်တိုက်မှ ထုတ်ဝေသည် ။

၁၉၅၃။ ။ပထမဦးဆုံး ပင်ကိုရေး လုံးချင်းဝတ္ထု "မေတ္တာအသချေ်"ကို ရေးသည် ။

၁၉၅၄။ ။ရန်ကုန် တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရသည် ။

၁၉၅၅။ ။သခင် ကိုယ်တော်မှိုင်း ဦးဆောင်သော ပြည်တွင်း ငြိမ်းချမ်းရေး ဗဟိုကော်မတီတွင် အတွင်းရေးမှူး တစ်ဦးအဖြစ် ဆောင်ရွက်သည် ။

၁၉၅၆။ ။ဥပဒေဘွဲ့ ရရှိသည် ။

၁၉၅၇။ ။"ပြည်သူ့တိုးတက်ရေးပါတီ" ပေါ်လစ်ဗျူရိုတွင် ပါဝင်သည် ။

ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ) အတွင်းရေးမှူးချုပ်နှင့် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ဌာနချုပ် လုပ်ထားသော "ကမ္ဘာ့ငြိမ်းချမ်းရေး ကောင်စီ"၏ ဗျူရိုအဖွဲ့ဝင်လူကြီး ဖြစ်ခဲ့သည် ။

၁၉၅၈။ ပဒေသရာဇ် ဆန့်ကျင်ရေးဝတ္ထု "လိုက်ခဲ့တော့မြနန္ဒာ"ကို မြဝတီမဂ္ဂဇင်း (အယ်ဒီတာချုပ် ဇဝနလက်ထက်) တွင် ရေးသားသည် ။

အထိန်းသိမ်းခံ ဘဝဖြင့် ကိုကိုးကျွန်းသို့ ရောက်သည် ။

၁၉၆၀။ "စာရေးဆရာကလပ်"တွင် အမှုဆောင် ဖြစ်သည် ။

"အမှောင်ရိပ်ဝယ်"ဝတ္ထုကို ရေးသည် ။

ဗိုလ်တထောင် သတင်းစာတွင် နေ့စဉ် အခန်းဆက်အဖြစ် "နွံထဲကကြာ"(နှစ်နှစ်နီးပါး)ကို သိန်းဖေမြင့်နှင့် ပူးတွဲရေးသည်။

"နွံထဲကကြာ" ဝတ္ထုစာအုပ်မှ အစပြု၍ မူလ ကလောင်နာမည် "မြသန်း"မှ "မြသန်းတင့်"သို့ ပြောင်းခဲ့သည်။

၁၉၆၁။ ။အထိန်းသိမ်းခံ ဘဝမှ လွတ်မြောက်ခဲ့သည်။

ယင်းနှစ်မှာ ပင် ဆွီဒင်နိုင်ငံ စတော့ဟု မ်းမြို့တွင် ကျင်းပသော"ငြိမ်းချမ်းရေးကောင်စီ" အစည်းအဝေးသို့ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ကရက် (မြန်မာနိုင်ငံ)၏ ကိုယ်စားလှယ် အဖြစ် တက်ရောက်သည်။ ညီလာခံမှအပြန် ဆိုဗီယက်ယူနီယံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ငြိမ်းချမ်းရေး ကော်မတီများ ၏ ဖိတ်ကြားချက်အရ ဒဂုန်တာရာ၊ ပါမောက္ခ ဦးအောင်လှတို့ နှင့်အတူ သွားရောက်သည်။

၁၉၆၂။ ။"စာရေးဆရာသမဂ္ဂ"တွင် အမှုဆောင် ဖြစ်ခဲ့သည်။

၁၉၆၃။ ။"ပြည်တွင်း ငြိမ်းချမ်းရေး အဖွဲ့ဝင်" နှင့် "ပြည်သူ့ ကော်မတီဝင် တစ်ဦး" အဖြစ် တာဝန်ယူခဲ့သည်။

ပြည်တွင်း ငြိမ်းချမ်းရေး တွေ့ဆုံ ဆွေးနွေးပွဲ ပျက်သောအခါ အထိန်းသိမ်းခံခဲ့ရပြီး ဒုတိယ အကြိမ်မြောက် ကိုကိုးကျွန်းသို့ ရောက်ခဲ့သည်။

၁၉၇၂။ ။အထိန်းသိမ်းခံဘဝမှ လွတ်မြောက်ခဲ့သည်။

တော်လ်စတွိုင်း၏ "စစ်နှင့်ငြိမ်းချမ်းရေး"ဝတ္ထု ဘာသာပြန် (၁၉၇၂) ခုနှစ် အတွက် "အမျိုးသားစာပေ ဘာသာပြန်ဆု"ရသည်။

၁၉၇၈။ ။အမေရိကန် စာရေးဆရာမ မာဂရက်မစ်ချယ်၏ "လေရူးသုန်သုန်" ဝတ္ထု ဘာသာပြန်ဖြင့် "အမျိုးသားစာပေ ဘာသာပြန်ဆု"ကို ရ

ခဲ့သည် ။

၁၉၈၈။ ။တရုတ် စာရေးဆရာကြီး ဆောင်ဇူချင်းနှင့် ကောက်ဟိုရဲ့ "ခန်းဆောင်နီ အိပ်မက်" ဝတ္ထုဖြင့် "အမျိုးသားစာပေ ဘာသာပြန် (ရသ) ဆု"ကို ရသည် ။

၁၉၉၂။ ။ပြင်သစ်စာရေးဆရာ ဒိုမိနိယာယီယဲ၏ "သုခမြို့တော်ဝတ္ထု ဘာသာပြန်ဖြင့် "အမျိုးသားစာပေ ဘာသာပြန်ဆု"ကို ရသည် ။

၁၉၉၅။ ။စာရေးဆရာ ဒိုမိနီလာပီယဲ၏ "အချစ်မိုးကောင်းကင်"ဝတ္ထုဖြင့် ဘာသာပြန် 'အမျိုးသားစာပေဘာသာပြန်(ရသ)ဆု'ရသည် ။

၁၉၉၈။ ။ဖေဖော်ဝါရီ ၁၈ ရက်၊ ည ၉:၁၅ တွင် ကွယ်လွန်သည် ။

***